မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# e-NEWSLETTER

VOL.5, N0.6
June 2026

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ညွှန်ကြားရေးမှူးချုပ်တို့ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခြင်း




မေလ ၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှကော်မရှင်ဥက္ကဋ္ဌဦးသစ်လင်းအုန်းနှင့်ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်တို့သည် ၅-၅-၂၀၂၆ ရက်နေ့၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းစင်တာ -၁၊ MICC – I တွင် ကျင်းပပြုလုပ်သည့် နှစ်(၈၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် [illegible]



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် [illegible]



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် [illegible]



မြန်မာနိုင်ငံ [illegible]



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် [illegible]

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း



မေလ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းသည် အားကစားရေးရာ ဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၁-၅-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်၊ လမ်းမတော်ကြက်တောင်ရုံတွင် ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



မေလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၂၆) ကို ၂၆-၅-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room၌ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



မေလ ၈ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၆) ကို ၈-၅-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာဥမ္မာကျော်၊ အလှည့်ကျ ကော်မတီဝင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမြင့်သူမြိုင်၊ ဒေါက်တာတင်ဒွေးအိ၊ ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးအုန်းခိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၇-၅-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံး ရေ လုံလောက်မှု ရှိ မရှိ၊ အလုပ်နားရက်တွင် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှုအခြေအနေ၊ အကျဉ်းသားများမှ စခန်းစာကြည့်တိုက်ရှိစာအုပ်များငှားရမ်းဖတ်ရှုရာတွင် လွယ်ကူစွာ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးမှု ရှိ မရှိ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် ရှိ မရှိ၊ မိသားစုတွေ့ဆုံခွင့် နှင့် ထောက်ပံ့ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ထို့နောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေများ ကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) အား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးအုန်းခိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၅-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန အတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများအား ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှုအခြေ

အနေ၊ အမျိုးသမီးတကိုယ်ရည်သုံးပစ္စည်းများ လုံလောက်စွာ ရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံး ရေရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေ၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှုရှိမရှိ၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝ ရပ်တည်နိုင်စေရန် စိတ်ဓာတ်ခွန်အားများထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက် ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေးနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေး ဝမ်း ကျောင်း ပ ညာ သ င် ကြား ခွ င့်၊ လွ တ် လ ပ် စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံ လူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့နှင့် ကော်မရှင်မှ ယခင်လာရောက် စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒေးဒနေ့ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၉-၅-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ဒေးဒနေ့ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ရိပ်သာ၌ ဘိုးဘွားရိပ်သာ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဘိုးဘွားများအား လက်ခံဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားမှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များကို ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ အဆောက်အဦများအတွင်း အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေ အနားယူနိုင်ရန် နေရာစီစဉ်ဆောင်ရွက်ထားမှု၊ ဘိုးဘွားများအား လူမှုရေးပင်စင်ရရှိရေး ဆောင်ရွက်ပေးမှုနှင့် အငြိမ်းစားဝန်ထမ်း ဘိုးဘွားများအား ပင်စင်ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆော င် ရွ က် ပေး နို င် ရေး အ တွ က် သ က် ဆို င် ရာ ဌာ န သို့ ကော်မရှင်ဥပဒေနှင့်အညီ ပေးပို့သွား မည်ဖြစ်ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



မေလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် (၅/၂၀၂၆) အခမ်းအနားကို ၂၉-၅-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါ သည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ

ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆွေးနွေးပွဲ ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၇၆ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၃:၅၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ သင်ရိုးညွှန်းတမ်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်

မေလ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (နေပြည်တော်) ၌ ကျင်းပပြုလုပ်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၅) အတွက် သင်ခန်းစာညှိနှိုင်း အစည်းအဝေးသို့ ၁၂-၅-၂၀၂၆ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် တက်ရောက်လာသူများမှ သင်တန်းနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးခဲ့ကြရာ ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ ဟောပြောဆွေးနွေးချိန်နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ၌ သင်ခန်းစာသွားရောက်ပို့ချ



မေလ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်း အမှတ်စဉ် (၁၉၉) သို့ ၁၁-၅-၂၀၂၆ ရက်နေ့တွင် ၁၂:၃၀ နာရီအချိန်မှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေး ဘာသာရပ်သင်ခန်းစာအား သွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၉၆ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း သင်တန်းသား ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

Goal (13) Climate Action

ပန်းတိုင် (၁၃) ရာသီဥတု ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ သင်ခန်းစာသွားရောက်ပို့ချ





မေလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ (က) အရ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ (ရန်ကုန်) တွင် ဖွင့်လှစ်လျက်ရှိသည့် သတင်းမီဒီယာ သင်တန်း အမှတ်စဉ် (၇) သို့ ၂၂-၅-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီမှ၁၅:၀၀နာရီအချိန်ထိလူ့အခွင့်အရေးဆိုင်ရာဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချပါသည်။ သတင်းမီဒီယာကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် အများပြည်သူ အကျိုးစီးပွားအတွက် အရေးကြီးသည့် အခန်းကဏ္ဍ ဖြစ်သည့်အားလျော်စွာ ပြည်သူများအတွက် မှန်ကန်သည့် သတင်းအချက်အလက် သိရှိနိုင်ရေး ဆောင်ရွက်သော အရည်အချင်းပြည့်ဝ၍ အပြုသဘောဆောင်သည့် သတင်းမီဒီယာသမားများ ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ အကြောင်းနှင့် သတင်းမီဒီယာနှင့်လူ့အခွင့်အရေးဘာသာရပ်သင်ခန်းစာတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၁ ဦး၊ သင်တန်းသူ ၉ ဦး စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ သင်တန်းနည်းပြများက ပြန်လည် ဖြေကြားခဲ့ပါသည်။

---

## တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ ခုနှစ်၊ မေလအတွင်း တိုင်ကြားချက် (၈၁) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၉) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၁၀) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်ကြားချက် (၃၃) စောင် ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်း ကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍ လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန် ကျန်ရှိ သည့် တိုင်ကြားစာ (၂၉) စောင်ရှိပါသည်။

## အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၃၈) သို့ တက်ရောက်ခြင်း

မေလ ၁၅ ရက်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရန်ကုန်) မှ ၂၆-၂-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားသည့် "အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၃၈)" သင်တန်းသို့ ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်ခေါင် တက်ရောက်ခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း





မေလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ မေလ အတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

---

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း





မေလ ၂၂ ရက်

ကော်မရှင်ရုံးဝန်ထမ်းများအတွက်သက်သာချောင်ချိရေးအစီအစဉ်အဖြစ်၈-၅-၂၀၂၆ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှစားအုန်းဆီ တစ်ပိဿာလျှင် ၈,၇၈၅ ကျပ်နှုန်းဖြင့် (၃၀၉) ပိဿာအား လည်းကောင်း၊ ၁၂-၅-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၅၇) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၈၅၀၀ ကျပ်နှုန်း ၊ ဧည့်မထ (၄၄) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၂၀၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

မေ ၅ - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ညွှန်ကြားရေးမှူးချုပ်တို့ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခြင်း။

မေ ၇ - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အိုင်ကလေဘင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင် စခန်းအား ကြည့်ရှုစစ်ဆေးခြင်း၊

မေ ၈ - ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း။

မေ ၁၁ - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ခြင်း၊

မေ ၁၁ - မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ၌ သင်ခန်းစာသွားရောက်ပို့ချ၊

မေ ၁၂ - နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ သင်ရိုးညွှန်းတမ်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်၊

မေ ၁၂ - ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း။

မေ ၁၅ - အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၃၈) သို့ တက်ရောက်ခြင်း။

မေ ၁၈ - အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (ဗဟန်း) အား ကြည့်ရှုစစ်ဆေးခြင်း၊

မေ ၂၂ - မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၌ သင်ခန်းစာသွားရောက်ပို့ချ၊

မေ ၂၆ - ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

မေ ၂၉ - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒေးဒရဲ့သို့ဘီးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း၊

မေ ၂၉ - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း။

မေ ၂၉ - ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း။

********

e-Newsletter, Vol. 5, No. 6, June 2026

# ENGLISH SECTION

Vol. 5, No. 6, June 2026

## Myanmar National Human Rights Commission Inspected to Aikalaung Agriculture, Livestock and Vocational Training Camp

May 7

On 7 May 2026, an inspection team from the Myanmar National Human Rights Commission, led by Members U Than Win and U Ohn Khaing, carried out a field inspection of the Aikalaung Agriculture, Livestock and Vocational Training Camp (Labour Camp) in Taikkyi Township, Yangon Region. This inspection was conducted under Sections 43 and 44 of the Commission's Law.

During the inspection at the labour camp, the team visited prisoners in their dormitories and inquired about matters relating to the fundamental rights of the prisoners, including the living and food conditions, access to healthcare services, and medical treatment for injuries sustained in the workplace. Further inquiries were made regarding the availability of sufficient purified drinking water, the arrangements for physical exercise and sports on off days, and the measures taken to facilitate for accessing the camp library. The team also examined the right to freedom of religion, the situation of allowing family visits and the receipt of items issued by the camp and those sent by family members. Additionally, the team inspected whether there was any discrimination in work assignments, any instances of torture, and the status of workplace safety measures implemented.

Then the inspection team inspected various facilities including the dormitories, the prison clinic, the library, kitchen, food warehouse, water purifiers, the leanliness of internal and external sewage system, and the Commission donated knowledgeable books for prisoners to read and study.

The findings and recommendations from the inspection visits will be sent to the relevant department for necessary action, in line with the Commission's law.

## Myanmar National Human Rights Commission Inspected to Center for Women Care and Development (CWCD)

May 18

On 18 May 2026, an inspection team from the Myanmar National Human Rights Commission, led by Members U Than Win and U Ohn Khaing, carried out a field inspection of Center for Women Care and Development (CWCD), in Twante Township, Yangon Region.

In accordance with the provisions and procedures of the Commission Law, the inspection team conducted an inspection at the Women Care and Development Center regarding the assess to healthcare services, provision of food, dormitory arrangements, the sufficient supply of personal hygiene products, provision of purified drinking water, and the cleanliness and adequacy of water tank. Furthermore, the inspection team covered the rehabilitation efforts aimed at improving mental and physical well-being through behavioral reformation, providing psychological encouragement for social independence so they can stand as valuable members of society, as well as access to education, right to contact and

reintegration with their family's members. The team also observed the implementation of vocational training, including sewing and knitting courses, and basic Myanmar Traditional Martial Arts training for physical fitness, right to freedom of religion, while additionally review the status of implementation of recommendations made during their previous visit.

The findings and recommendations from the inspection visits will be sent to the relevant department for necessary action, in line with the Commission's law.

## The Myanmar National Human Rights Commission Inspected the Daydanaw Home for the Aged

May 29

An inspection team led by members of the Myanmar National Human Rights Commission, conducted an inspection visit to the Daydanaw Home for the Aged in Kungyangon Township, Yangon Region, on 29 May 2026. During the visit, the inspection team examined whether the elderly are accepted in accordance with the rules and regulations of the facility. The team inspected the conditions of the provision of healthcare services, food and nutrition supplement, clean drinking water and household water, freedom of religion, and the overall hygiene and sanitation of dormitories, bathrooms, toilets, and kitchens. The team also inquired about arrangements to ensure barrier-free movements in the buildings, and arrangements for recreation and relaxation for the elderly, the availability of social pension support, and the accessibility of pension payments for eligible residents.

The inspection team will send its findings and recommendations to the relevant department in accordance with the Commission's law for necessary action.

## MNHRC Deputy Director General Attends Curriculum Coordination Meeting at the National Defence College

May 12

Dr. Khaing Khaing Win, Deputy Director General of the Myanmar National Human Rights Commission Office, attended the Curriculum Coordination Meeting for the Training Course No. (25) hosted by the National Defence College (Nay Pyi Taw) at 1:00 PM. on 12 May 2026. During the meeting, participants discussed various matters related to the course. Dr. Khaing Khaing Win also took part in the discussions, particularly regarding the time allocation for lectures and discussions on human rights-related subjects.

## MNHRC Gives Human Rights Lecture at Criminal Investigation Department

May 11

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

U Zaw Lwin Htoo, Director of the Commission office addressed the lectures on Human Rights at the Detective Officer Training Course No. (199) held at Criminal Investigation

Department (Insein) on 11 May 2026 from 12:30 to 14:55. In this regard, the Director covered the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Organization and Functions of Myanmar National Human Rights Commission. The lecturer then responded to the trainee questions. A total of 120 officers including 24 female officers attended the aforementioned course.

## MNHRC Gives Lectures at the Myanmar Press Council (MPC)

May 22

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. On May 22, 2026, from 10:00 AM to 3:00 PM, Director U Zaw Lwin Htoo and Deputy Director Daw Mi Mi Khaing from the MNHRC Office conducted human rights training sessions at the Media Training Course Batch (7), currently being held at the Myanmar Media Council (Yangon). Recognizing that the media sector plays a vital role in a nation's development, peace, and public interest, the training aimed to develop qualified and constructive media professionals who ensure the public has access to accurate information. The sessions covered basic concepts of human rights, the Universal Declaration of Human Rights (UDHR), the establishment and activities of the Myanmar National Human Rights Commission, and the relationship between media and human rights.

The training was attended by a total of 30 participants, comprising 21 males and 9 females. The trainers addressed and answered the various queries raised by the attendees.

## Status of Handing Complaints

During May 2026, MNHRC received 81 Complaints. The complaint investigation team held 3 complaint screening meetings for examining the complaints and 9 complaint were referred to the departments concerned. In 10 cases, the complainants were advised on more appropriate remedies. The 33 cases were recorded in accordance with the MNHRC Law. 29 complaints remains in May.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ - ၈၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ချွေကြာပင်
ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
☎ ၀၆၇ - ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ - ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ - ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ - ၂၂၉၃၂၇

**e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။**

**e-government@mnhrc.org.mm**